Karenni People Defense Army – K.P.D.A

# ကရင်နီပြည်သူ့ကာကွယ်ရေးတပ်မတော်
# ဖွဲ့စည်းပြီးကြောင်းထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် - ၀၁/၂၀၂၁

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့တွင် မင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာရှင်တစ်စုမှ ပြည်သူ့အာဏာကို မတရားသဖြင့် အာဏာသိမ်းယူသွားခဲ့ပါသည်။ မတရားအာဏာသိမ်းယူပြီးနောက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများအားဖမ်းစီးခြင်း၊ ရက်စက်စွာ သက်ဖြတ်ခြင်းများ လူသားမဆန်စွာ စစ်အာဏာရှင်မှ ပြုလုပ်လျက်ရှိသည်။

ထို့ကြောင့် **ကရင်နီပြည်သူ့ကာကွယ်ရေတပ်မတော် (K.P.D.A)** မှ အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်တော်လှန်သွားမည်ဖြစ်သဖြင့် ယနေ့ (၉-၉-၂၀၂၁) ရက်နေ့တွင် အောက်ပါရည်ရွယ်ချက်များဖြင့် စတင်ဖွဲ့စည်းကြောင်း ကြေငြာလိုက်သည်။

၁) အာဏာရှင်စနစ်ပပျောက်သည်အထိ တိုက်ပွဲဝင်ရန်။

၂) အာဏာရှင်ဖီဆန်ရေး လှုပ်ရှားမှု (CDM) ပြုလုပ်လျက်ရှိသော ပြည်သူ့ဝန်ထမ်းများကို ကာကွယ်ရန်။

၃) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူ့အိုး၊ အိမ်များ နှင့် အကြမ်းဖက်စစ်ကောင်စီများ၏ အန္တရာယ်မှကာကွယ်သွားရန်။

၄) NUG၊ CRPH နှင့် ကရင်နီပြည်နယ်အတွင်းရှိ တရားဝင်လက်နက်ကိုင် အဖွဲ့အစည်းများနှင့်ဆက်လက်ချိတ်ဆက်ပြီး အခြားတိုင်းနှင့် ပြည်နယ်များနည်းတူ အကြမ်းဖက်စစ်ကောင်စီအား ကျရှုံးသည်အထိတိုက်ပွဲဝင်သွားရန်။

Karenni People Defense Army – K.P.D.A
ကရင်နီပြည်သူ့ကာကွယ်ရေးတပ်မတော်

ဆက်သွယ်ရန် ။ ။ info.kpda2021@gmail.com